# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီးရုံး

## အမိန့်ကြော်ငြာစာ

အမှတ်၊ ၅၉ / ၂၀၁၇

၁၃၇၈ ခုနှစ်၊ နယုန်လဆုတ် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) နှင့် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) တို့အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ဖော်ပြပါ အထူးကုန်စည်များအား အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရမည့် အထူးကုန်စည်များအဖြစ် ပြဋ္ဌာန်းသတ်မှတ်လိုက်သည်-

(က) ဆေးပေါ့လိပ်အမျိုးမျိုး

(ခ) ဆေးပြင်းလိပ်အမျိုးမျိုး

၂။ အထက်ဖော်ပြပါ ကုန်စည်အမျိုးအစားတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချခြင်းကို ပြည်တွင်း၌ ထုတ်လုပ်သူ၊ ပြည်ပမှ တင်သွင်းသူတို့က အောက်ပါနည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) **အမှတ်တံဆိပ်ထုတ်ယူခြင်း။** ပြည်ပမှတင်သွင်းခြင်း ဖြစ်ပါက ကျသင့်အထူးကုန်စည်ခွန် ပေးဆောင်ပြီးလျှင် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ်များကို ထုတ်ယူရမည်။ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ထုတ်လုပ်မည့် ကုန်စည်အမျိုးအစားအလိုက်၊ အရွယ်အစားအလိုက် သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ်ကို ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ကြိုတင် ထုတ်ယူထားရမည်။

(ခ) **အမှတ်တံဆိပ်ကပ်နှိပ်ခြင်း။** ထုတ်ယူရရှိသည့် အထူးကုန်စည် အမျိုးအစားအလိုက်၊ အရွယ်အစားအလိုက် သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ်များကို အထူးကုန်စည်အား ဖြန့်ဖြူးရောင်းချခြင်း မပြုမီ သတ်မှတ်သည့်နေရာတွင် စွဲမြဲစွာ ကပ်နှိပ်ရမည်။

၃။ အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းရောင်းချသူ၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူသည် အထူးကုန်စည်အပေါ် အခွန်ပေးဆောင်ပြီးသော ကုန်စည်ဖြစ်ကြောင်း အထောက်အထားအဖြစ် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရာတွင် အထူးကုန်စည်အမျိုးအစားအလိုက်၊ အရွယ်အစားအလိုက် သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ်များကို မှန်ကန်စွာ ကပ်နှိပ်ပေးရမည်။ အထူးကုန်စည် အမျိုးအစားအလိုက်၊ အရွယ်အစားအလိုက် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန် ပျက်ကွက်ခြင်းကို အထူးကုန်စည်ခွန် ပေးဆောင်ရန် ပျက်ကွက်ခြင်းအဖြစ် မှတ်ယူရမည်။

၄။ အခွန်အမှတ်တံဆိပ်ထုတ်ယူခြင်း၊ ကပ်နှိပ်ခြင်း၊ ကျသင့်အခွန်ပေးဆောင်ခြင်းတို့ကို ဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့မှ ဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများ၊ ပြည်ထောင်စုနယ်မြေအခွန် ဦးစီးဌာနမှူးတို့သည် မြို့နယ်အခွန်ဦးစီးဌာနမှူးများသို့ ဤအမိန့်ကြော်ငြာစာကို ဆက်လက် ညွှန်ကြား ကြပ်မတ် စီမံဆောင်ရွက်သွားရမည်။

၆။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၁ ရက်နေ့မှစ၍ အကျိုး သက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၃/၁ ( ၄၀၆၆ /၂၀၁၇)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန် လ ၁၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ·

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ အဖွဲ့အစည်းများအားလုံး

---

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ရုံးဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

1/6/2017

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(ထွန်းထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်)